# မိုးစက်ပွင့်

## အာတ္တာဆောင်းနှင်း
## တစ်ပက်နှ





# အခန်း (၁)

ငါ့ကို ပါးတစ်ချက်ရိုက်တဲ့ အတွက် နင် တစ်ဘဝ လုံး ပြန်ပြီး ပေးဆပ်သွားရမှာ ပါ ပူတူး၊ နင့်အဖေရဲ့ ယုတ်မာမှုတွေအတွက် နင် ပြန်ပြီး အကြွေးဆပ်ရမယ်။ အခုအချိန်မှာ ငါက ရစရာရှိတဲ့ ကြွေးရှင်ပဲ။
ဦးနေဗလရေ . . . ခင်ဗျား ဗိုက်ကားအောင် စားထားတဲ့ ထမင်းလုတ်တွေကို ရင်ထုပြီး အန်ထုတ်ရမယ့် အချိန် ရောက်လာပါပြီဗျာ။
ဟား . . . ဟား . . . ဟား . . . ဟား . . .

**စစ်သည် ဗိုလ်**

ရှင် . . . အတ္တတွေ သိပ်ကြီးပြမနေနဲ့ စစ်သည် ဗိုလ်၊ မောင်လေးကို ကျွန်မ လွှတ်လိုက်တာ၊ သူ့ကို ရှင်တို့ တင် ပိုင်တယ်လို့ မထင်ပါနဲ့ ၊ ကျွန်မတို့ လည်း ဆိုင်တယ်ဆိုတာ ရှင် သိထားရမှာ . . .

**သျှင်မင်းခ**

အိမ်မှာ ဆို ကျွန်တော်က ခွေးလေးလို အမြီးကုတ်ပြီး သခင်တွေကို ကြောက်နေရတဲ့ ကောင်ပါ။ ပျော်ရွှင်မှုဆိုတာ ကျွန်တော့် ဘဝထဲမှာ မရှိခဲ့ဘူး။ ခံစားရသလောက် ပေါက်ကွဲခွင့်မရလို့ ရတဲ့ နေရာမှာ ပေါက်ကွဲကြည့်တာ ကျွန်တော် လွန်သလား . . .

**စစ်သွေးဦး**

*

## အပိုင်း( ၁ )
## အခန်း ( ၁ )

"ဥသြ . . . ဥသြ . . . ဥသြ"

ဥသြတွန်သံ ချိုချိုလေးကြောင့် ပုံဆွဲစာအုပ်ပေါ်မှာ ပန်းပွင့်ကလေးတွေ ရေးဆွဲနေသော ကောင်လေးသည် ခေါင်းလေး မော့ လာပြီး နားစွင့်လိုက်ပုံရ၏။

"ဥသြ . . . ဥသြ"

နောက်ထပ် ဥသြတွန်သံကို ကြားလိုက်ရတော့ စာအုပ်ကို ပိတ်၍ မတ်တပ်ရပ်လိုက်သည် ။ ကောင်လေး၏ အရွယ်မှာ ပန်းပွင့်မှ လွဲ၍ ဘာမှ ထွေထွေထူးထူး ချဲ့ထွင်၍ ဆွဲတတ်သည့်အရွယ် မဟုတ်သေးပေ။ အာရုံက မဆွဲတတ် ဆွဲတတ်နှင့် ဆွဲထားသည့် ကကြိုးကကျဲ ပန်းပွင့်ကလေးတွေဆီမှ စွန့်ခွာပြီး စူးစမ်းချင်သည့် စိတ်က ဥသြလေးတွေ ဘယ်မှာ လဲ ဆိုတာကို ရှာဖွေလိုဇော ရှိနေပုံရ၏။

"ဥသြ . . . ဥသြ . . . ဥသြ"

ဥသြတွန်သံသည် ဘယ်အရပ်ဆီမှ ဆိုတာကို ခန့်မှန်းလိုက်ပြီး အခန်းထဲမှ ပြေးထွက်လာကာ လေးခွနှင့် လေးသီးတွေ ထည့်ထားသော လွယ်အိတ်ကို လွယ်၏။

ပြီး . . . ခြံထဲရှိ ပိတောက်ပင်ကြီးဆီသို့ အပြေးသွားလေသည် ။

"သား . . . ဘယ်ကိုလဲ"

"ငှက်အော်သံကြားလို့ အဲဒါသွားရှာမလို့ မေမေ"

"ငှက်က ပိတောက်ပင်ကြီးပေါ်က အော်နေတာ သားရဲ့ ၊ သစ်ပင်က အကြီးကြီး၊ ငှက်က သေးသေးလေးရယ်၊ ရုတ်တရက် သားရှာလို့ ဘယ်တွေ့မှာ လဲ"

"သား တွေ့အောင် ရှာမှာ ပေါ့"

ချစ်နှင်းမှုံ ပန်းလဲပြီးသား ဘုရားပန်းအိုးကို မ,ယူလိုက်ကာ သားကို တစ်ချက်ကြည့်ပြီး . . .

"တွေ့ရင် ငှက်ကလေးတွေကို လေးနဲ့ မပစ်ရဘူးနော် သား၊ သူများအသက်ကို သတ်ရင် ကိုယ့် အသက်ကိုလည်း သူများက ပြန်သတ်တတ်တယ်"

"ငှက်ကလေးက သားကို ပြန်မသတ်နိုင်ပါဘူး မေမေရာ၊ သူက သေးသေးလေးပဲဟာ။ ပြီးတော့ သား လေးခွနဲ့ ပစ်ရင် သူသေမှာ "

"ငှက်ကလေးကတော့ သားကို ပြန်မသတ်နိုင်ဘူးပေါ့ သားရယ်၊ ငှက်ကလေးကို သားက သတ်သလို သားကိုလည်း သားထက်ကြီးတဲ့ လူကြီးတစ်ယောက်က ပြန်သတ်နိုင်တာမျိုးကို မေမေက ပြောတာ"

မျက်မှောင်လေး ကြုတ်သွားတဲ့ သားကို ကြည့်ပြီး ချစ်နှင်းမှုံ ပြုံးလိုက်သည် ။ ဒီကလေးက တစ်ခါနှင့်တစ်ခါ သူ့စိတ်ကလေးက မတူ။ အပြောင်းအလဲ မြန်တယ်လို့ ပြောရမလား။

နူးညံ့သည့် အခါရှိသလို ကြမ်းချင်ရမ်းချင်သည့် အခါမျိုးလေးလည်း ရှိတတ်သည် ။

"အဲဒီငှက်အော်တာ နားထောင်လို့ ကောင်းတယ် မေမေရဲ့ "

"အဲဒါ ဥသြငှက်လို့ ခေါ်တယ် သားရဲ့ "

"ဥသြ"

"ဟုတ်တယ် . . . အဲဒီငှက်ကလေးတွေ အော်ရင် နွေရာသီ ရောက်ပြီ လို့ လူတွေက သတ်မှတ် ကြတာလေ"

"သား သူ့ကို မသတ်ဘူး မေမေ၊ အရှင်ဖမ်းပြီး အော်ခိုင်းမှာ "

"သားက ဘယ်လို ဖမ်းမှာ လဲကွယ့်"

"ခြေထောက်ကို လေးခွနဲ့ ပစ်မှာ ပေ့ါ မေမေရဲ့ "

"မြတ်စွာဘုရား"

ချစ်နှင်းမှူ ဘုရားတမိ၏။

"ခြေထောက်ကျိုးသွားရင် သူ မပျံနိုင်တော့ဘူးလေ၊ သူ အဲဒါမှ သား အနားမှာ အမြဲနေနိုင် မှာ "

"သား"

"ဗျာ"

"အဲဒါလည်း ဝဋ်လိုက်တတ်တယ် သားရဲ့ ၊ သူ့ကို ခြေထောက်ကျိုး အောင် သားလုပ်ရင် သား ခြေထောက်ကိုလည်း သူများက ကျိုးအောင် လုပ်မှာ ၊ လာပါ သားရယ်၊ အော်သံကို အိမ်ပေါ် ကနေပဲ နားထောင်နော် "

အိမ်ပေါ်ကို ခေါ်ပေမယ့် ကောင်လေးက ခေါင်းခါကာ ပေကပ်ကပ် လုပ်နေ၏။

"ငှက်ကို သား ဘာမှ မလုပ်တော့ဘူး၊ ကြည့်ရုံပဲ ကြည့်မယ်"

ချစ်နှင်းမှုံ သားကို ပြန်ခေါ်လို့ မရဘူးဆိုတာ သိလိုက်ပြီမို့ သက်ပြင်း ချလိုက်၏။

"ကဲ . . . တားမရရင်လည်း သွား၊ ဒါပေမဲ့ လျှောက်မဆော့ရဘူးနော် သား၊ ဟိုဘက်ခြံမှာ လူသစ်တွေ ရောက်နေတယ်၊ ခါတိုင်းလို ကူးမသွားနဲ့ ၊ အရင်လူတွေလို သဘောကောင်းချင်မှ ကောင်းမှာ ၊ အခု လူသစ်တွေ က တအား ချမ်းသာတာတဲ့ "

"ဟုတ်ကဲ့ မေမေ"

ဟုတ်ကဲ့ ဆိုပြီး ပိတောက်ပင်ကြီးဘက်သို့ ဆက်လျှောက်လာခဲ့သည် ။ ဥဩဆိုတဲ့ အော်သံကို ကြားနေရပေမယ့် ငှက်ကလေးကိုတော့ ရှာလို့ မတွေ့ပေ။ ရှာလို့ မတွေ့ဆို ငှက်ကလေးက ဟိုအကိုင်း မှ သည် အကိုင်း သို့ ကူးလူးနေတာက တစ်ကြောင်း . . .

ဗိုလ့်မျက်နှာကို မော့ကြည့်တာနှင့် နေရောင်က ထိုးနေတာက တစ်ကြောင်းကြောင့်ပါ။ ဗိုလ် ဥဩကို မရှာတော့ဘဲ အာရုံက တစ်ဖက်ခြံ သို့ ရောက်သွားသည် ။

လူသစ်တွေတဲ့ ။ သူနှင့် ကစားဖော် ရွယ်တူတွေ ပါရင် ကောင်းမှာ ပဲ လို့ တွေးရင်း တစ်ဖက်ခြံ ထဲသို့ မျှော်ကြည့်မိသည် ။ နောက်တော့ ခြံကြီး ဘက်သို့ တိုးကပ်လာခဲ့သည် ။ အရင်လူတွေ ရှိတုန်းက ဗိုလ့်မေမေနှင့် ခင်သော်လည်း ကစားဖော်မရှိသဖြင့် ဗိုလ် တစ်ခါမှ လိုက်မသွားဖြစ်ပေ။

"ပူတူးရေ"

တစ်ဖက်ခြံမှ ပူတူးရေ ဆိုတဲ့ ခေါ်သံကြောင့် ပူတူးဆိုတာ လူကြီး လား၊ ကလေးလား၊ ကလေး ပီပီ စပ်စုချင်စိတ်နှင့် ခြံစည်းရိုး သစ်သား

တိုင်ပေါက်ကနေ ဗိုလ် ချောင်းကြည့်လိုက်၏။

"ပူတူး"

"ရှင်"

"ဖုန်တွေ၊ သဲတွေထဲမှာ မကစားရဘူးလေ၊ ဂါဝန်တွေ ညစ်ပတ် ပေကျံကုန်တော့မှာ ပဲ၊ လာခဲ့ . . . လာခဲ့"

"မပေပါဘူး တီလေးရဲ့ "

"ဆင်ခြေမပေးနဲ့ . . . လာဆိုလာခဲ့"

"တီလေးကလည်း "

"လာဆိုလာခဲ့နော်၊ ငါ လာရင် အရိုက်ခံရမှာ သိလား"

အရုပ်ကလေးကို ပိုက်လျက် ခြေဆောင့်ကာ ထွက်သွားတဲ့ ကောင်မလေးကို မြင်လိုက်ရတော့ ဗိုလ် ပြုံးသွားသည် ။ ဂါဝန်လေးတဖားဖားနှင့် အိမ်ဝမှာ ခါးထောက်ရပ်နေတဲ့ အမျိုးသမီးကြီးဆီကို ပြေးသွားတဲ့ ကောင်မလေး။ သူနဲ့ ရွယ်တူလောက်မို့ ဗိုလ် ဝမ်းသာသွားခြင်းပါ။

ကစားဖော် ရပြီဆိုတဲ့ အတွေးတစ်ခုကလွဲရင် ဗိုလ် ဘာမှ မသိပေ။ ထို့ကြောင့် ခြံစည်းရိုးကို ကျော်ပြီး တစ်ဖက်ခြံထဲသို့ ဝင်လာခဲ့သည် ။

"ပူတူးရေ"

"သူခိုး . . . သူခိုး"

"ပူတူးရေ. . . သူခိုး"

အသံဩဩကြောင့် ဗိုလ် ခြေလှမ်းတွေ တုံ့သွား၏။ ဘယ်သူ့ကို သူခိုးလို့ ပြောတာလဲဟု လူကို ရှာကြည့်တော့ မတွေ့။

"ပူတူးရေ . . . သူခိုးလေး . . ဟိတ် . . ကောင်လေး ဘာလုပ်တာလဲ၊ သွား . . .. ထွက်သွား"

ဗိုလ် ကိုယ့်ကို ပြောတာပဲဟု မျက်လုံးဝိုင်းလေးနှင့် အသံရှင်ကို ရှာနေဆဲမှာ ပဲ . . .

"ဟိတ်"

"ဟင်"

စောစောက ဂါဝန်အဝါလေးနှင့် ကောင်မလေး ပြန်ပြေးထွက်လာသည် ။ မျက်နှာလေးကို မြင် လိုက်ရတော့ "လှလိုက်တာ"ဟု ဗိုလ် ငေးနေမိ၏။

"နင် ဘယ်သူလဲ၊ ဘယ်ကလဲ"

ကောင်မလေးက ခါးထောက်မေးလေလျှင် . . .

"ဟို . .. ."

"ပြောလေ . . . နင် ဒီကို ဘာလာလုပ်တာလဲ၊ နင့်နာမည် ဘယ်သူလဲ"

"ဗိုလ် . . . "

ဗိုလ် ဖြေလိုက်တော့ ကောင်မလေး မျက်မှောင်ကြုတ်ကာ ဗိုလ့်ကို ကြည့်လျက် . . .

"ဗိုလ် . . . ဟုတ်လား"

"ဟုတ်တယ်၊ ငါ ဟိုဘက်ခြံက"

ကောင်မလေးက ဗိုလ်တို့ ခြံဘက်သို့ တစ်ချက်ကြည့်ပြီး နှာခေါင်းလေး ရှုံ့လေသည် ။'

"ဟိုဘက်ခြံက ဆိုရင် နင်တို့ အိမ်က သေးသေးလေးပဲ၊ အိမ်သေးမှ တော့ ဆင်းရဲပြီပေါ့"

"ဆင်းရဲတာ ဘာဖြစ်လဲ"

"တီလေးက မှာ ထားတယ်၊ ဆင်းရဲတဲ့ လူတွေနဲ့ ပူတူးကို မပေါင်းရ ဘူးတဲ့ "

"မောင်ညို"

ကောင်မလေးက အပေါ်ကို မော့ကြည့်ပြီး "မောင်ညို" ဟု ခေါ်လိုက် တာကြောင့် ကောင်မလေး မော့ကြည့်ရာ နေရာသို့ ဗိုလ်ပါ လိုက်မော့ကြ ည့်လိုက်သည် ။

"ဟင်"

အသံသြသြနှင့် ဝင်ပြောသွားတာ လူမှ မဟုတ်ဘဲ။ ဗိုလ်ကတော့ လူမှ တ်လို့ အသံရှင်ကို လိုက် ရှာနေခဲ့တာ။ လတ်စသတ်တော့ အိမ်တံခါးဝ ပေါ်မှာ တံခါးမှူးလုပ်တာက သာလိကာကိုး။ အိမ်ထဲ ကနေ ဗိုလ်တို့ ကို ငုံ့ကြည့်နေ၏။

"ပူတူး . . . သူ့ကို မခေါ်နဲ့ "

"ပူတူး . . . သူ့ကို မခေါ်နဲ့ "

"တိတ်တိတ်နေစမ်း မောင်ညို"

ကောင်မလေး ပြောလိုက်တော့ သာလိကာမှာ အသံတိတ်သွား၏။ လူလိုပဲ နားလည် သိတတ် နေပါလား။

"နင့်အဝတ်တွေက ညစ်ပတ်နေတာပဲ"

ကောင်မလေးက ဗိုလ့်ကို ကြည့်ပြီး ဆက်ပြော၏။

"ကစားထားလို့ ပါဟ၊ ငါ့မှာ အသစ်တွေ ရှိပါတယ်၊ နင် ငါနဲ့ အတူတူ မကစားချင်ဘူးလား"

"မကစားချင်ဘူး၊ နင် ပြန်တော့၊ ငါ့တီလေး အပေါ်ထပ်ကနေ ဆင်းလာလို့ နင့်ကို မြင်ရင် ရိုက်လိမ့်မယ်"

"ငါက နင်နဲ့ ခင်ချင်လို့ လာတာ"

"ငါက နင့်ကို မခင်ချင်ဘူး"

"ဘာလို့ မခင်ချင်တာလဲ၊ ငါက ဆင်းရဲလို့ လား"

ကောင်မလေးက သူမ အန်တီလေးကို ကြောက်လန့်ဟန်နှင့် လှေကားဘက်ကို ပြန်မော့ကြည့် ကာ . . .

"ငါက ခင်ချင်ပါတယ်၊ တီလေးက ကြိုက်မှာ မဟုတ်ဘူး "

"ဒါဆို နင့်တီလေး မရှိတဲ့ အချိန်မှာ အတူတူ ကစားကြမယ်လေ"

"တီလေး လာပြီ ထင်တယ်"

ပြောပြီးတာနှင့် ပူတူးက အိမ်တံခါးဝမှ အထဲကို ပြန်ပြီး ပြေးဝင်သွားလေ၏။

ဗိုလ် စိတ်မကြည်မသာလေးနှင့်ပဲ အိမ်ပြန်ခဲ့တော့သည် ။

*

# အခန်း ( ၂ )

"သားရေ . . . ဗိုလ်"

"ဗျာ . . . မေမေ"

"မေမေ ပန်းတွေ သွားပို့မလို့ ။ သား ဘယ်ကိုမှ သွားမကစားနဲ့ နော်"

"ဟုတ်ကဲ့"

ချစ်နှင်းမှုံက ခြံထဲမှာ ပန်းမျိုးစုံစိုက်၍ ဖောက်သည် သွားပို့ပေးနေကျပါ။ သားလေးကို မွေး ပြီး တစ်နှစ်သား အရွယ်ရောက်မှ သားရဲ့ ဖေဖေက ဆုံးသွားခဲ့တာ။ ခင်ပွန်းဆုံးသွားပြီးကတည်းက ဒီလိုပဲ ကြုံရာကျပမ်း လုပ်ရင်း သားအမိတွေ လုပ်ကိုင်စားသောက်ခဲ့ကြတာ။ ပူပန်သောကဆိုတာ သူတို့ မှာ မရှိသလောက် ရှားပါသည် ။

ရှိတာလေးနှင့် လောက်အောင်စား၊ ရတာလေးနှင့်ပဲ လှအောင်ဝတ်ပြီး ဘဝကို အဆင်ပြေ သလို ဖြတ်သန်းလာခဲ့ကြတာပါ။

"ဒါဆို မေမေ သွားတော့မယ်"

"ဟုတ်"

ချစ်နှင်းမှုံ ပန်းစည်းတွေကို ဇန်းထဲ ထည့်ရွက်လျက် ထွက်သွားလေသည် ။

ဗိုလ် မေမေ ထွက်သွားတာနှင့် ခြံထဲ ပြေးဆင်းလာခဲ့သည် ။ ပူတူးဆို

တဲ့ ကောင်မလေးနှင့် ကစားရမလားလို့ ချောင်းတာ ဘယ်လောက်ကြာပြီလဲ။ တစ်ရက်မှ မတွေ့ရပေ။

ခုလည်း တွေ့လိုတွေ့ငြား၊ တစ်ဖက်ခြံသို့ ချောင်းကြည့်နေမိ၏။ ကံအားလျော်စွာပဲ ပူတူး သူတို့ ခြံဘက် ခြံစည်းရိုးနှင့် မလှမ်းမကမ်းမှာ ရှိသည့် မလေးရှားပိတောက်ပင်လေး အောက်မှာ တစ်ယောက်တည်း ထိုင်ကာ အရုပ်ကလေးတွေနှင့် ကစားနေသည် ။

"ရှူး . . . ရှူး"

ဗိုလ် ခေါ်လိုက်တော့ ပူတူးက လှည့်ကြည့်သည် ။ ဗိုလ်ကို မြင်တော့ ခြံစည်းရိုးဆီ လျှောက် လာ၏။

"ဗိုလ်"

"လာဦး"

"လာနေတာ မမြင်ဘူးလား"

ဗိုလ် ရယ်လိုက်မိ၏။ ပူတူး ခြံစည်းရိုးအနားကို ရောက်လာတော့ . . .

"နင် တစ်ယောက်တည်း ကစားနေတာလား"

"အင်း"

"နင့် တီလေး ဘယ်သွားလဲ"

"မရှိဘူး၊ တီလေးက ဈေးထဲမှာ ရွှေဆိုင်ဖွင့်မလို့ ။ အဲဒါ ဆိုင်ခန်းရ/မရ သွားမေးနေတယ်"

"ဒါဆို နင်နဲ့ ငါ အတူကစားကြမယ်လေ"

ပူတူးက စဉ်းစားသလိုလေး လုပ်ပြီးမှ . . .

“အင်း . . . အတူကစားမယ်လေ၊ နင် တို့ ခြံထဲကို ဝင်ခဲ့”

“အေး . . . ငါက ယောက်ျားလေးဆိုတော့ ခြံစည်းရိုးကို ငါပဲ တက်နိုင်မှာ ”

ဗိုလ် ဘောင်းဘီဒူးကို မတင်ကာ ခြံစည်းရိုးကို ကျော်တက်လိုက်၏။ ပူတူးက သူ့ကို မတ်တပ်လေး ရပ်လျက် ကြည့်နေသည် ။

မျက်တောင်ကော့လေးတွေ ဝန်းရံလျက်၊ ရွှန်းလဲ့တောက်ပနေသော မျက်လုံးလေးတွေက ပုတ်ခတ်လှုပ်ရှားလျက်၊ ဗိုလ် ခုန်ဆင်းလာမှာ ကို ပြုတ်ကျမှာ စိုးလို့ စိုးရိမ်နေသည့်ပုံ။

“ဖြည်းဖြည်းဆင်းနော်၊ ပြုတ်ကျနေမယ်”

“နကျပါဘူး၊ ငါက ရမ်ဘိုလေ . . . ဟဲ . .. ဟဲ”

“နင်က ရမ်ဘိုတဲ့ မတူပါဘူး၊ ဝူခုံး”

အတူကစားကြမယ် ဆိုပြီး နှစ်ယောက်အတူ ထိုင်မိကြတော့ . . .

“ပူတူး”

“ဟင်”

“နင့်နာမည်က ဘာလဲ”

“ပူတူးလေ”

“နာမည်အရင်းကို ငါက မေးတာဟ”

“ပူတူးလို့ သိထားတာ ပူတူးပဲပေါ့၊ တီလေးနဲ့ ဖေဖေက ငါ့ကို ချစ်လို့ ပူတူးလို့ ခေါ်တာတဲ့ ၊ နင်လည်း ငါ့ကို ခင်တယ်ဆို အဲဒီလိုပဲ ခေါ်ပေါ့”

“အေးပါ . . . နင့်ကို ပူတူးလို့ ပဲ ငါခေါ်မှာ ”

"နင့်နာမည်ကရော ဗိုလ်တစ်လုံးထဲလား"

"နင် မပြောတော့ ငါလည်း မပြောဘူး"

"မပြောချင်နေပါ၊ ဗိုလ်ဆိုတဲ့ အတိုင်း ငါ့အပေါ် ဗိုလ်တော့ မကျနဲ့နော်"

"အင်း"

စကားပြောရင်းနဲ့ ပဲ နှစ်ယောက်အတူ ကစားကြတော့ ဗိုလ်က ပူတူးရှေ့က ကားလေးကို ယူပြီး လက်နှင့် ဟိုပွတ်ဒီပွတ် ပွတ်ကာ . . .

"လှလိုက်တာ"

"နင် လိုချင်လို့ လား"

"လိုတော့ လိုချင်တယ်"

"ယူလေ"

"နင့်မေမေ သိရင် နင့်ကို ရိုက်မှာ ပေါ့"

"ငါ့မှာ အရုပ်တွေက အများကြီးပါ၊ ဒီတစ်ခုပျောက်ရုံနဲ့ ဘယ်သူမှ မသိဘူး၊ ပြီး ငါ့မှာ မေမေလည်း မရှိဘူး၊ ဖေဖေပဲ ရှိတာ"

"ဟင်"

ဗိုလ် ပူတူးကို ခပ်ငေးငေးလေး ကြည့်လိုက်၏။ ပူတူးမှာ မေမေ မရှိဘူး။ ဖေဖေပဲ ရှိတယ်တဲ့ ။ ဗိုလ့်ကျတော့ မေမေရှိပြီး ဖေဖေ ဘာလို့ မရှိရတာလဲ။ မေမေ ပြောပြတာတော့ ဗိုလ့်ဖေဖေက သေသွား ပြီတဲ့ ။

ပူတူးရဲ့ မေမေကကော။

ဗိုလ့်ဖေဖေလိုပဲ သေသွားတာလား။

“ငါ့မှာ ကျတော့ မေမေပဲ ရှိတာ၊ ဖေဖေ မရှိဘူး ပူတူးရဲ့ ”

“နင့်ဖေဖေက ဘယ်သွားနေလို့ လဲ ဗိုလ်”

“သေသွားတာလေ”

“ဩော်”

ပူတူး တွေတွေငေးငေးလေး ဖြစ်သွားကာ မျက်ရည်လေးတွေ လည်လာ၏။ သူလည်း သူ့ မေမေကို သတိရသွားသည် ထင်ပါရဲ့ ။

“နင့်မေမေလည်း သေသွားတာ မဟုတ်လား ပူတူး”

ပူတူးက ခေါင်းလေးခါလျက် . . .

“ငါ့မေမေက သေသွားတာ မဟုတ်ဘူး ဗိုလ်၊ နိုင်ငံခြားမှာ ရှိတယ်တဲ့ ”

“ဟင် . . . နင့်မေမေက နိုင်ငံခြားကို ဘာသွားလုပ်တာလဲ၊ နင့်ကို ဘာလို့ ထားခဲ့တာလဲဟင်”

“မသိပါဘူးဟယ်၊ ငါ ငယ်ငယ်လေးကတည်းက ဖေဖေနဲ့ မေမေ ကွဲသွားတာတဲ့ ”

ပူတူး မျက်ရည်ဥလေးတွေ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာတော့ ဗိုလ်က သူ့လက်ချောင်းလေး များ နှင့် သုတ်ပေးလေသည် ။ ကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ လည်း သနားတတ်သည့် စိတ်ကလေး တော့ ရှိနေသည် သာ။

“ဟော”

ခြံထဲကို ကားဝင်လာသံကြောင့် နှစ်ယောက် ပြိုင်တူ လှည့်ကြည့်လိုက်ကြ၏။

“ဖေဖေ ပြန် လာပြီ”

“အဲဒါ နင့်ဖေဖေလား”

“ဟုတ်တယ်”

ကားပေါ်မှ ဆင်းလာသော ပူတူးရဲ့ ဖေဖေက သူတို့ ဆီကို တန်းတန်း မတ်မတ် လျှောက်လာ သည် ။ မျက်မှန်အနက်ကို တပ်ဆင်ထားပြီး ဦး နေဗလ၏ ပုံစံက ဖြူဖြူသန့်သန့်၊ ခန့်ခန့်ထည်ထည်ပါ။

“နင့်ဖေဖေက ချော်တယ်နော်”

“နင် ပြန်တော့ ဗိုလ်”

“ငါ မပြန်ချင်သေးဘူး”

“နင့်ကို ဖေဖေက ရိုက်လိမ့်မယ်”

“ရိုက်ပစေ၊ ငါ ကြည့်ချင်သေးလို့ ”

ဗိုလ် ပေကပ်ပြီး ရပ်နေ၏။ သူတို့ ဒေသမှာ ဒီလိုကားမျိုးကြီး စီးနိုင်တဲ့ သူကို လက်ချိုး ရေတွက်လို့ ရနိုင်ပါသည် ။ သူဌေးတွေမှ စီးနိုင်ကြတဲ့ ဒီလိုနေရာမျိုးမှာ ဒီလို ဦးနေဗလ စီးတဲ့ ကား မျိုးက မြင်ရခဲတာပါ။ ရှိပေမယ့် ရှားသည် ဆိုတာမျိုးလေ။

ဗိုလ်က ကားကို သဘောကျနေသလို၊ ကလေးပီပီပဲ။ ဦးနေဗလ၏ ရပ်ရှင်မင်းသားလို ဝတ်စားထားပုံကိုလည်း သဘောကျနေ၏။

“သမီး”

“ဖေဖေ”

“ဒီမှာ ဘာလုပ်နေတာလဲ”

“ကစားနေတာပါ ဖေဖေ”

ဦးနေဗလ ဗိုလ့်ကို မျက်မှန်ချွတ်ကာ ကြည့်လိုက်ပြီး . . .

“သူက”

“ဟိုဘက်ခြံကပါ ဖေဖေ၊ ဗိုလ်တဲ့ ”

“ဦးက ချောတယ်နော်”

“ဟေ”

သူ့ကို မော့ကြည့်ပြီး ပြောလိုက်တဲ့ ဗိုလ်ဆိုတဲ့ ကောင်လေးရဲ့ စကားကြောင့် ဦးနေဗလ ပြုံးလိုက်မိသည် ။ ကလေးက သမီးနဲ့ ရွယ်တူ လေးပါ။

ခုခေတ်ကလေးတွေက တီတီတာတာ တတ်မှ တတ်ပါပဲ။ တစ်ခါတ စ်ခါ လူကြီးတွေ သင်ထား သလား ထင်ရလောက်အောင် အသိဉာဏ် ဖွံ့ဖြိုးပြီး တွတ်တီးတွတ်တာ ပြောတတ်ကြ၏။

“ဟိုဘက်ခြံဆိုတော့ နှင်းမှုံရဲ့ သားလေးပေါ့ ဟုတ်လား”

“ဦးက မေမေ့ကို သိလို့ လား”

“ဆိုပါတော့၊ သွားရင်းလာရင်း မြင်ဖူးတာပါ၊ ရင်းရင်းနှီးနှီး မသိဘူး ကွ၊ ဗိုလ့်မေမေလည်း လှပါတယ် ဗိုလ်ရဲ့ ”

ဗိုလ့်မျက်နှာလေး ပြုံးသွားသည် ။ လူကြီးတွေ ဘယ်လိုသဘောနဲ့ ပဲ ပြောပြော ကလေးတွေရဲ့ အတွေးထဲမှာ တော့ ချောတယ်၊ လှတယ်ပြော ရင် သဘောကျကြတာပဲ မဟုတ်လား။

အခု ဗိုလ်လည်း သူ့အမေကို လှတယ်ပြောတော့ ပီတိမျက်နှာလေး က ဝင်းလက်ပုံဆောင်။

"နောက်နေ့ကျရင် ဦး ဗိုလ်တို့ အိမ်ကို အလည်လာခဲ့မယ်လေ"

"ဦး တကယ်ပြောတာလား"

"တကယ်ပေါ့ ဗိုလ်ရဲ့ "

"ဒါဆို သား မေမေ့ကို ပြောထားလိုက်မယ်လေ"

"ဖေဖေ ဗိုလ်တို့ အိမ်ကို သွားရင် သမီးပါ လိုက်မယ်နော်"

"လိုက်ရမှာ ပေါ့ သမီးရဲ့ "

ကလေးတွေ၏ မျက်နှာမှာ ငွေလမင်းလေးများ ပမာ။ ဒီအရွယ်ကလေးတွေရဲ့ ရင်ထဲမှာ ကစားဖို့ ၊ စားဖို့ ၊ ဝတ်ဖို့ ကလွဲရင် မြစ်တို့ ၏ မာယာကိုလည်း မသိ၊ မျဉ်းဖြောင့်တစ်ကြောင်း၏ သဘောတရားကိုလည်း နားမလည်ကြပေ။

"ပူတူး ငါ ပြန်တော့မယ်"

"အေး . . . နောက်နေ့မှ နင်တို့ အိမ်ကို ငါ ဖေဖေနဲ့ လာခဲ့မယ်"

ဗိုလ် ခေါင်းညိတ်ပြီး နှုတ်ဆက်ကာ ပြန်လာခဲ့သည် ။ လက်ထဲမှာက ပူတူး ပေးလိုက်သော ကားရုပ်ကလေးကို ကိုင်လျက် . . .

*